“ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် [၄] ချက်”

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ အပတ်စဉ်သတင်းထုတ်ပြန်ချက် (၁၇/၂၀၂၃)

အမှတ်စဉ် (၁၇/၂၀၂၃) | http://www.nugmyanmar.org | ၂၀၂၃ခုနှစ်၊ ဧပြီလ (၂၄) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ ကြုံတွေ့နေရသည့်အခက်အခဲများအား ဒေသတွင်းနိုင်ငံများမှတဆင့် အဖြေရှာရန် ယာယီသမ္မတ တိုက်တွန်း။

အစိုးရနှင့်ပြည်သူများကြုံတွေ့နေသည့်အခက်အခဲနှင့်အကြပ်အတည်းများကိုဒေသတွင်းနိုင်ငံများမှတဆင့်ညှိနှိုင်းအဖြေရှာကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက အမျိုးသားညီညွတ်ရေး အစိုးရ ၁၅ ကြိမ်မြောက် အစိုးရအဖွဲ့အစည်းဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

အကြမ်းဖက်စစ်တပ်၏ အရပ်သားများအပေါ် နေ့စဉ်လုပ်ဆောင်နေသည့် အကြမ်းဖက်တိုက်ခိုက်မှုများ သတ်ဖြတ်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်ပေးနိုင်ရန် ကုလသမဂ္ဂညီလာခံ ဆုံးဖြတ်ချက် ...

၂။ ချင်းလွတ်မြောက်ရေးလှုပ်ရှားမှုမှာ လွန်စွာခွန်အားဖြစ်စေဟု NUG ယာယီသမ္မတက ပြောကြား

ချင်းလွတ်မြောက်ရေးလှုပ်ရှားမှုမှာ နွေဦးတော်လှန်ရေးနှင့်အတူ မိတ်ဖက် အင်အားစု ဖြစ်ပေါ်လာခြင်းအတွက် လွန်စွာခွန်အားဖြစ်စေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက ဧပြီ ၁၈ ရက် ကြားကာလ ချင်းအမျိုးသား အတိုင်ပင်ခံကောင်စီ (ICNCC) ဖွဲ့စည်းခြင်း (၂) နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားခဲ့သည်။

https://bit.ly/3AFR5M9

၃။ ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးအုတ်မြစ်ကို ရေရှည်အမြော်အမြင်ရှိရှိ စနစ်တကျ တည်ဆောက်ကြရန် NUG ယာယီသမ္မတပြောကြား

မိမိတို့နိုင်ငံသည် ဒေသမျိုးကွဲများစွာရှိသလို၊ မတူကွဲပြားသည့် ယဉ်ကျေးမှုအမှတ်သရုပ် အမြောက်အများရှိကြောင်း၊ ယခုသဘောသဘာဝကိုနားလည်ပြီး ဖယ်ဒရယ်ဒီမိုကရေစီပညာရေး၏ အုတ်မြစ်ကို ရေရှည်အမြော်အမြင်ရှိရှိ စနစ်တကျတည်ဆောက်ရမည်ဖြစ်ကြောင်း၊ အဆင့်မြင့်ပညာရေးကဏ္ဍ ပထမအကြိမ်ညီလာခံသည် အနာဂတ်တိုင်းပြည်နှင့် လူ့အဖွဲ့အစည်းအတွက် ပညာရေးအုတ်မြစ်ကို တည်ဆောက်မည့် စုဖွဲ့မှုဖြစ်မည်ဟု မျှော်လင့်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါးလရှီလက ဧပြီ ၂၁ ရက် နွေဦးတော်လှန်ရေးကာလ အဆင့်မြင့်ပညာရေးကဏ္ဍ ပထမအကြိမ်ညီလာခံတွင် ပြောကြားခဲ့သည်။

တော်လှန်ရေးကာလအတွင်းမှာ တည်ဆောက်ရေးလုပ်ငန်းများကို ယှဉ်တွဲလုပ်ဆောင်ရေး အထူးလိုအပ်ကြောင်း လူ့အဖွဲ့အစည်းကြံ့ခိုင်သန်မာမှသာ တော်လှန်ရေးအလွန်ကာလများတွင် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို အလျင်အမြန်ထူထောင်နိုင်မည်ဟုလည်း ယာယီသမ္မတက ဆက်လက်ပြောကြားခဲ့သည်။ https://bit.ly/41sHSSW

၄။ ကရင်နီပြည်သူပြည်သားလူမျိုးစုများအား မှတ်တမ်းတင်ဂုဏ်ပြုကြောင်း NUG သဝဏ်လွှာပေးပို့

တိုင်းရင်းသား ညီနောင်များ၏ဒုက္ခများကို မျှဝေခံစားကာ ဒီတော်လှန်ရေးတွင် ပိုမို ယုံကြည်မှု၊ နားလည်မှု တည်ဆောက်ရင်း တစ်သွေးတစ် သားတည်း ညီညွတ်စွာပါဝင်ဆင်နွဲနေကြသည့်အတွက် ကရင်နီပြည်သူ ပြည်သားလူမျိုးစုများအား မှတ်တမ်းတင် ဂုဏ်ပြုကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ က ဧပြီ ၁၉ ရက်တွင် ကရင်နီအမျိုးသားနှစ်သစ်ကူးနေ့သို့ သဝဏ်လွှာပေးပို့ခဲ့သည်။ https://bit.ly/3Akfwyi

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရက
ကရင်နီအမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ
(ကရင်နီသက္ကရာဇ် ၂၇၆၂ ခုနှစ်၊ လဲပဂျာလ ၁ ရက်)
၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၉ ရက်

၁။ ယနေ့ကျရောက်သော ၂၇၆၂ခုနှစ်မြောက်ရဲ့ ကရင်နီအမျိုးသားနှစ်သစ်ကူးနေ့တွင် ကရင်နီတစ်မျိုးသားလုံးနဲ့ ကရင်နီပြည်နယ်အတွင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ပြည်သူများအားလုံးကို ဘေးရန်ကင်းကြပါစေ၊ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများရှိကြပြီး ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုပန်းတိုင်သို့ ရောက်ရှိသည့်တိုင် တော်လှန်ရေးကြီးတွင် ညီညွတ်စွာပါဝင် ဆင်နွှဲရင်း လူ့အခွင့်အရေး၊ ဂုဏ်သိက္ခာ ပြည့်ဝသော လူမှုဘဝကို ပိုင်ဆိုင်နိုင်ကြသူများ ဖြစ်ကြပါ စေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

၂။ အကြမ်းဖက်လူသတ် စစ်အုပ်စုသည် နိုင်ငံတော်အာဏာကို လက်နက်အားကိုးဖြင့် လုယူ ပြီး တော်လှန်သူများ၊ ဆန့်ကျင်သူများကို သတ်ဖြတ်အကြမ်းဖက်ဖိနှိပ်ကာ မည်သို့ပင် ဥပဒေမဲ့ တရားမဲ့ ထိန်းသိမ်းရန် ကြိုးစားနေပါစေ ကရင်နီပြည်ဟာ သမိုင်းအစဉ်အလာကောင်းသော လွတ် လပ်သူတို့၏ နယ်မြေဖြစ်သလို တစ်ကျော့ပြန် အာဏာသိမ်းမှုဖြစ်စဉ်နောက် ဖိနှိပ်အုပ်စိုးသူ စစ်အာဏာရှင်ကို တက်ကြွစွာ လက်နက်စွဲကိုင် တော်လှန်ရင်း အောင်ပွဲအလီလီရရှိနေတဲ့ ဒေသ တစ်ခုလည်း ဖြစ်ပါသည်။

၃။ ကရင်နီပြည်သူပြည်သားလူမျိုးစုများ၏ ညီညွတ်မှု၊ ရှုပ်ရှုပ်ချွံချွံ ဆန့်ကျင်တော်လှန်မှုများ ကြောင့် ကရင်နီပြည်သည် အာဏာသိမ်းစစ်တပ် လွန်စွာမှ အထိနာရသည့် ဒေသတစ်ခု ဖြစ်သလို လက်ရှိတွင် အာဏာသိမ်း စစ်ကောင်စီအနေဖြင့် အရပ်သား ပစ်မှတ်များကို ဦးတည်ပြီး အငြိုး ကြီးကြီးထိုးစစ်ဆင် အကြမ်းဖက် လူသတ်၊ မီးရှို့မှုများကြောင့် ဒေသခံများစွာဟာ နေရပ်စွန့်ခွာ စစ်ဘေးရှောင်များအဖြစ် ခိုလှုံရှောင်တိမ်းနေကြရပြီး၊ နေအိမ်များ၊ ဘာသာရေး အထွတ်အမြတ် အဆောက်အအုံများစွာကို မီးရှို့ဖျက်ဆီးမှုများကြောင့် ဘေးဒုက္ခများစွာ၊ လူ့အခွင့်အရေးချိုး ဖောက်မှုများစွာကို ကြုံတွေ့ခံစားနေကြရသော ဒေသတစ်ခုလည်းဖြစ်ပါသည်။



၄။ မည်သို့ပင် ဖိနှိပ်သတ်ဖြတ် ညှင်းပမ်းခံရပါစေ ကရင်နီပြည်နယ်ဖွား သွေးချင်းများအနေဖြင့် မြန်မာနိုင်ငံပြည်တွင်းစစ်မီးများ၏ အရင်းအမြစ် ပြဿနာဖြစ်သော ဘုံရန်သူကို မျက်ချေ မပြတ် အတူတကွ ချေမှုန်းရင်း တစ်နိုင်ငံလုံးရှိ တိုင်းရင်းသား ညီနောင်များရဲ့ ဒုက္ခများကို မျှဝေ ခံစားကာ ဒီတော်လှန်ရေးကြီးမှာ ပိုမို ယုံကြည်မှု၊ နားလည်မှုတည်ဆောက်ရင်း တစ်သွေးတစ် သားတည်း ညီညွတ်စွာပါဝင်ဆင်နွှဲနေကြသည့်အတွက်လည်း အထူးပင် မှတ်တမ်းတင် ဂုဏ်ပြု ကျေးဇူးတင်ပါသည်။

၅။ ယနေ့ကျရောက်သော ကရင်နီ သက္ကရာဇ် ၂၇၆၂ ခု၊ လဲပဂျာလ (၁)ရက်နေ့မှသည် ဘုံရန်သူဒုဖိုးသူးလုမိုး၏ ကျေးဇူးတော်ကို ချီးမွမ်းရင်း ပြည်ထောင်စုဖွား ကရင်နီလူမျိုးများသည် တန်းတူ ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ လွတ်လပ်ခြင်းနှင့် ဒီမိုကရေစီပြည့်ဝသော ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံ သစ်ကို မှားမကြာမီ ခံစားစံစားကြရပါစေကြောင်း ဆန္ဒပြုလျက် ကရင်နီအမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာအား ပေးပို့အပ်ပါသည်။

အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့

၅။ အစ္စလာမ်ဘာသာဝင်များ နွေဦးတော်လှန်ရေးတွင် စွမ်းစွမ်းတမံပါဝင် လှုပ်ရှားနေမှုများကို ကျေနပ်အားရဟု NUG ယာယီသမ္မတပြောကြား

မြန်မာနိုင်ငံသား အစ္စလာမ်ဘာသာဝင်များ အနေဖြင့် နွေဦးတော်လှန်ရေးတွင် စွမ်းစွမ်းတမံ ပါဝင်လှုပ်ရှားနေမှုများကို ကျေနပ်အားရမိကြောင်း၊ စစ်အာဏာရှင်စနစ်အား အပြီးတိုင် တွန်းလှန်ကာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ခွင့်တူညီမျှပြီး ခွဲခြားဆက်ဆံမှုကင်းစင်သည့် ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး ကဏ္ဍတွင် ပြည်သူလူထုတစ်ရပ်လုံးနှင့် လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အတူတကွ ဝိုင်းဝန်းကြိုးစား အားထုတ်သွားကြမည်ကိုလည်း ယုံကြည်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက အီဒုလ်ဖိတ်ရ် ဝါကျွတ် အီးဒ်ပွဲတော်နေ့တွင် ပြောကြားခဲ့သည်။ https://bit.ly/41VN81r

ကာကွယ်ရေးဝန်ကြီးဌာန

၆။ မိုးကုတ်ဒေသရှိ တပ်ရင်းတပ်ဖွဲ့များအား NUG ကာကွယ်ရေးဝန်ကြီးဌာနက လက်နက်တပ်ဆင်ပေးခဲ့

မိုးကုတ်ဒေသရှိ တပ်ရင်းတပ်ဖွဲ့များအား အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက ဧပြီ ၁၇ ရက်တွင် လက်နက်တပ်ဆင်ပေးခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ၏ တပ်ရင်းတပ်ဖွဲ့များအား လက်နက်တပ်ဆင်ခြင်းကို ဆက်လက်အရှိန်အဟုန်မြှင့်တင်တင်ကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ တပ်ဆင်ပေးအပ်နေကြောင်း ထုတ်ပြန်ခဲ့သည်။ https://bit.ly/3L1TnK5

၇။ အကြမ်းဖက်စစ်အုပ်စုသည် ပြည်သူ့တော်လှန်ရေးကို အနိုင်ယူဖြိုဖျက်နိုင်ရန် လုံးဝမဖြစ်နိုင်တော့ဟု ကာကွယ်ရေးဝန်ကြီးပြောကြား

အကြမ်းဖက်စစ်အုပ်စုသည် တော်လှန်ရေးကို အနိုင်ယူ၊ ဖြိုဖျက်နိုင်ဖို့ရုပ်ဝတ္ထုအရရော စိတ်ဓါတ်အင်အားအရပါ လုံးဝ မဖြစ်နိုင်တော့ကြောင်း၊ စစ်အာဏာသိမ်းပြီး ၂ နှစ်အတွင်း ယခုအခြေအနေမျိုးရောက်ရှိရန် ဝိုင်းဝန်းကြိုးပမ်း တိုက်ပွဲဝင်ခဲ့ကြသည့် ပြည်သူတစ်ရပ်လုံးနှင့်အတူ PDF တပ်မတော်သားအားလုံးကို အထူးဂုဏ်ပြုကြောင်း၊ စစ်ကောင်စီသည် တော်လှန်ရေးပုံဖျက်ရန်၊ PDF တပ်မတော်၏ ပုံရိပ်ကျဆင်းစေရန် သွေးခွဲဖြိုဖျက်နိုင်ရန် နည်းလမ်းမျိုးစုံကြိုးပမ်းလာကြောင်း၊ တစ်ဖက်တွင် ခုခံတိုက်ပွဲဝင်ရင်း တစ်ဖက်တွင် PDF တပ်မတော်ကို ကျားကုတ်ကျားခဲ တည်ဆောက်နေခြင်းဖြစ်ကြောင်းနှင့် အမိန့်ပေးကွပ်ကဲမှုစနစ်မှန်ကန်ခိုင်မာသည့် တပ်မတော်ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်နေပြီး PDF တပ်မတော်၏ စွမ်းဆောင်ရည်နှင့် လုပ်ဆောင်မှုသည် တော်လှန်ရေးအောင်ပွဲနှင့် တိုက်ရိုက်အချိုးကျနေကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရည်မွန်က ဧပြီ ၁၇ ရက် မြန်မာနှစ်သစ်ကူးအထိမ်းအမှတ် PDF တပ်မတော်သို့ တော်လှန်နှစ်သစ် သဝဏ်လွှာပေးပို့ခဲ့ပြောကြားခဲ့သည်။ https://bit.ly/43UEjXm

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
mod@nugmyanmar.org

မြန်မာနှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် PDF တပ်မတော်သို့ပေးပို့သည့်
ပြည်ထောင်စုဝန်ကြီး၏ တော်လှန်နှစ်သစ် သဝဏ်လွှာ
မြန်မာသက္ကရာဇ် (၁၃၈၅) ခုနှစ်၊ တန်ခူးလဆုတ် (၁၃) ရက်၊ မြန်မာနှစ်သစ်ကူးနေ့
၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၇) ရက်နေ့

ရဲဘော်တို့-

ဒီနေ့ဟာ မြန်မာသက္ကရာဇ်အားဖြင့် ၁၃၈၄ ခုနှစ်ကနေ ၁၃၈၅ ခုနှစ်ကို ကူးပြောင်းတဲ့ နှစ်သစ်ကူးနေ့ နှစ်ဆန်း (၁) ရက်နေ့ဖြစ်တယ်။ မြန်မာနှစ်သစ်မှာ ရဲဘော်တို့အားလုံး ဘေးဘယာကင်းကွာ ကျန်းမာ၊ ချမ်းသာပြီး တိုင်းပြည်နဲ့လူထုတာဝန်ကို ဆက်လက်ထမ်းပိုး ရွက်ဆောင်နိုင်ကြပါစေလို့ နှစ်သစ်ကူးဆုမွန် တောင်းလိုက်ပါတယ်။

ရဲဘော်တို့-





၈။ စစ်ကောင်စီတပ်၏ ကပစ (၂၂) ကို သွယ်တန်းထားသည့် လျှပ်စစ်ဓာတ်အားလိုင်းကို တိုက်ခိုက်ခဲ့

၂၀၂၃ခုနှစ်၊ ဧပြီလ (၅) ရက်နေ့ ည(၁၀)နာရီတွင် မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်ရှိ အမှတ်(၂၂) ကာကွယ်ရေး ပစ္စည်းစက်ရုံသို့ သွယ်တန်းထားသည့် ဓာတ်အားလိုင်းများကို (၂) နေရာခွဲ၍ ဖြိုချတိုက်ခိုက်ခဲ့ပြီး ဧပြီလ(၈)ရက်နေ့ည(၁၀)နာရီတွင်ထပ်မံတိုက်ခိုက်ရာ အပြီးသတ် အောင်မြင်စွာဖြိုချနိုင်ခဲ့ကြောင်း၊ ဧပြီလ (၁၀)ရက်နေ့ ညနေ(၅:၃၀)နာရီတွင် ဆိပ်ဖြူမြို့နယ်၊ တမကောက်ကျေးရွာအနီးရှိ ဓာတ်အားပေးလိုင်းကို ပြုပြင်ရန်လာသည့် ရန်သူ့တပ်သား(၁၅) ဦးကို လက်နက်ကြီးနှင့် Drone ပေါင်းစပ်အသုံးပြုကာ တိုက်ခိုက်နိုင်ခဲ့ပြီး ရန်သူ့တပ်သား (၂) ဦး သေဆုံးကာ (၃) ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ https://bit.ly/3UWoHP7

အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ၊စစ်ရုံးချုပ်

စစ်ရေးသတင်း ထုတ်ပြန်ချက်

ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) က ရန်သူ့တပ်၏ ကပစ(၂၂) ကို သွယ်တန်းထားသည့် လျှပ်စစ်ဓာတ်အားလိုင်းကို တိုက်ခိုက်ခဲ့
၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၈) ရက်နေ့

၂၀၂၃ခုနှစ်၊ ဧပြီလ (၅) ရက်နေ့ ည(၁၀)နာရီတွင် မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်ရှိ အမှတ်(၂၂) ကာကွယ်ရေးပစ္စည်းစက်ရုံသို့ သွယ်တန်းထားသည့် ဓာတ်အားလိုင်းများကို (၂)နေရာခွဲ၍ ဖြိုချ တိုက်ခိုက်ခဲ့သည်။ထို့နောက် ဧပြီလ (၈)ရက်နေ့ ည(၁၀)နာရီတွင် ထပ်မံ တိုက်ခိုက်ရာ အပြီးသတ် အောင်မြင်စွာ ဖြိုချနိုင်ခဲ့သည်။
ဧပြီလ (၁၀)ရက်နေ့ ညနေ(၅:၃၀)နာရီတွင် ဆိပ်ဖြူမြို့နယ်၊ တမကောက်ကျေးရွာအနီးရှိ ဓာတ်အားပေးလိုင်းကို ပြုပြင်ရန်လာသည့် ရန်သူ့တပ်သား(၁၅)ဦးကို လက်နက်ကြီးနှင့်Drone ပေါင်းစပ်အသုံးပြုကာ တိုက်ခိုက်နိုင်ခဲ့ပြီး ရန်သူ့တပ်သား (၂)ဦး သေဆုံးကာ (၃) ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပါသည်။
တိုက်ခိုက်မှုများကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF)ပခုက္ကူခရိုင်အမှတ်(၄)တပ်ရင်း၊အမှတ်(၁၁) တပ်ရင်း၊ အမှတ်(၁၉) တပ်ရင်း၏ ဆိပ်ဖြူဘာမထီတပ်ခွဲ (၁/၂)၊ တပ်ခွဲ(၃) ဆိတ်ဖြူ ဗိုလ်မထားတပ်ဖွဲ့၊ ဂန့်ဂေါခရိုင် အမှတ်(၅) တပ်ရင်း၊ ဆိပ်ဖြူမြောက်ပိုင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (NSP) ပကဖတို့ ညီညွတ်စွာဖြင့် ပူးပေါင်း တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)၊ စစ်ရုံးချုပ်
ကာကွယ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

၉။ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုတရပ်ကို အားလုံးအတူ တကွလက်တွဲထူထောင်ကြရန် "ဝ" ပြည်နယ်သို့ သဝဏ်လွှာပေးပို့

အကြမ်းဖက်စစ်တပ်၏ အဆုံးစွန်သော ရက်စက်ကြမ်းကြုတ်မှုများနှင့် နှစ်ကာလပေါင်းများစွာသော မတရား ဖိနှိပ်မှုများကို အပြီးတိုင်ဖယ်ရှားပြီး ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုတရပ်ကို အားလုံးအတူတကွ လက်တွဲထူထောင် ကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက ဧပြီ ၁၇ ရက် "ဝ" ပြည်နယ် ငြိမ်းချမ်းရေးတည်ဆောက်မှု (၃၄) နှစ်ပြည့်သို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့သည်။ https://bit.ly/3V1NWzn

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
mod@nugmyanmar.org

"ဝ" ပြည်နယ် ငြိမ်းချမ်းရေးတည်ဆောက်မှု (၃၄) နှစ်ပြည့်သို့
ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာ
၂၀၂၃ ခုနှစ် ဧပြီလ (၁၇) ရက်

၁။ ယနေ့ ကျရောက်သော "ဝ" ပြည်နယ် ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု (၃၄) နှစ်မြောက် နေ့တွင် "ဝ" အမျိုးသားပြည်သူလူထုတရပ်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ချမ်းသာကြပါစေဟု နွတ်ခွန်းဆက်သ နှစ်သစ်ဆုမွန်ကောင်းတောင်းလျက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဦးစွာဖော်ပြအပ်ပါသည်။

၂။ ၁၉၈၉ ခုနှစ် ဧပြီလ (၁၇) ရက်နေ့မှစတင်ခဲ့သည့် ငြိမ်းချမ်းရေးတည်ဆောက်မှုခရီးတွင် "ဝ" ပြည်သူများသည် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ၊ "ဝ"ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်၏ ဦးဆောင်ကြိုးပမ်းမှုအောက်တွင် အတူတကွ စုန်းကန်ကြိုးစားလျက် ဒေသဖွံ့ဖြိုးရေး၊ တည်ဆောက်ရေး လုပ်ငန်းများကို စည်းလုံးညီညွတ်စွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသောကြောင့် ယနေ့အချိန်တွင် တည်ငြိမ်အေးချမ်း၊ သာယာဝပြော၍ လူမှုစီးပွားဘဝ အာမခံချက်အပြည့်အဝရှိသော လူနေမှုဘဝကို ရရှိခံစား နေထိုင်နေကြပြီဖြစ်သည်။

၃။ ယနေ့ ပြည်သူလူထုတရပ်လုံး ကြုံတွေ့ခံစားနေရသည့် မတရားအာဏာသိမ်း အကြမ်းဖက်စစ်တပ်၏ အဆုံးစွန်သော ရက်စက်ကြမ်းကြုတ်မှုများနှင့် နှစ်ကာလပေါင်းများစွာသော မတရား ဖိနှိပ်မှုများကို အဆုံးသတ်အမြစ်ဖြတ်ရန်မှာ အကြမ်းဖက်စစ်တပ်အား အပြီးတိုင်ဖယ်ရှားပြီး ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုတရပ်ကို အားလုံးအတူတကွ လက်တွဲထူထောင် ကြရမည်ဖြစ်သည်။

၄။ "ဝ" ပြည်နယ်၏ ရရှိပြီးသော တည်ငြိမ်အေးချမ်းမှု၊ ဒေသဖွံ့ဖြိုးမှု၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ခိုင်မာဖြင့်မားတိုးတက်စေရန် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ၊ "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်၊ "ဝ" ပြည်နယ် ပြည်သူ့အစိုးရတို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များနှင့်အညီ ဦးဆောင်ကြိုးပမ်း ဆောင်ရွက် နိုင်ပါစေကြောင်းနှင့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို အတူတကွ လက်တွဲပုံဖော်



တည်ထောင်ကြရန် လေးစားစွာဖြင့် တိုက်တွန်းနှိုးဆော်လျက် ယနေ့ ၂၀၂၃ ခုနှစ် ဧပြီလ (၁၇) ရက်နေ့တွင် ကျရောက်သော "ဝ" ပြည်နယ်၏ ငြိမ်းချမ်းရေးတည်ဆောက်မှု (၃၄) နှစ်ပြည့် အခမ်းအနားသို့ ဤသဝဏ်လွှာကို ဂုဏ်ယူစွာဖြင့် ပေးပို့အပ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

၁၀။ ပဇီကြီးကျေးရွာပြည်သူများကို ထောက်ပံ့ကူညီမှုများပြု လုပ်နေဟု NUG ထုတ်ပြန်

ပဇီကြီးကျေးရွာကို လေကြောင်း တိုက်ခိုက်ခံရမှုဖြစ်စဉ်တွင် သေဆုံးသူများ၊ ထိခိုက်ဒဏ်ရာရသူများနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားကြရသည့် ပြည်သူများအတွက် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေကြောင်း၊ ယင်းလူသားချင်း စာနာမှုအကူအညီများမှာ ပြည်သူမှ ပြည်သူသို့ အလှူငွေများဖြင့် ထောက်ပံ့ခြင်းဖြစ်ပြီး ပြည်သူများအတွက် ကူညီပံ့ပိုးပေးကြသည့် စေတနာရှင်၊ အလှူရှင်များကို လေးလေးနက်နက် ကျေးဇူးတင်ရှိကြောင်း ဖော်ပြထားသည်။ https://bit.ly/40z5fZV

ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ

၁၁။ အကြမ်းဖက်စစ်ကောင်စီ၏ သွေးခွဲရန်တိုက်ပြီး ဘာသာရေးပွတ်တိုက်မှုများဖြစ်စေရေး လုပ်ဆောင်မှုများကို စောင့်ကြည့်ရန် ဝန်ကြီးချုပ်တိုက်တွန်း

ကဏ္ဍာပေါင်းစုံအထိနာနေသည့် စစ်ကောင်စီနှင့် ၎င်းကိုထောက်ခံအားပေးနေသည့် လူ့အန္တများသည် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ဝင်အချင်းချင်းကြားသွေးခွဲရန်တိုက်ခြင်း၊ ဘာသာရေးတစ်ခုနှင့်တစ်ခုကြား ပွတ်တိုက်မှုဖြစ်ရန် လုပ်ဆောင်နေသည်ကို သတိမပြတ် စောင့်ကြည့်ရန်နှင့် အချင်းချင်းကြား စည်းလုံး ညီညွတ်စွာဖြင့် ဘုံရန်သူကို အမြစ်ပြတ်ချေမှုန်းရန် အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဧပြီ ၂၀ ရက် ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော် ဆောင်မှု ဗဟိုကော်မတီ အစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။ https://bit.ly/3N7BrAC